ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development

# (NCDDP)

# ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

# Village Developement Plan (VDP)

ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ

၂၀၁၇ခုနှစ်

# လူထုပူးပေါင်းပါဝင်သော လျင်မြန်ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (RRA/PSA)

အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ပါဝင်သည့်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း | | ရွာသူရွာသားများ | | | | ကျေးရွာစတင်ဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် ပြောင်းလဲတိုးတက်လာမှုများကို ဆန်းစစ်လေ့လာခြင်း |
| ၂ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | | ရွာသူရွာသားများ | | | | အိမ်အမျိုးအစား၊ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်း၊ ရေတွင်း၊ ရေကန်၊ သဘာဝတောများကို မှတ်သားပြီး အသုံးပြုနိုင်မှုပြဿနာများ ဆန်းစစ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန် | | ရွာသူရွာသားများ | | | | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ ရာသီပွဲတော်များ၊ မိုးရွာသွန်းမှုအခြေအနေ၊ ဝင်ငွေရရှိမှုနှင့် ကျန်းမာရေးအခြေအနေများ |
| ၄ | ရွာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး၊ အုပ်စုများ | | | | ကျေးရွာတွင်နေထိုင်သောလူထုအား ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲမှု၊ ပိုင်ဆိုင်မှုများအား ခွဲခြမ်း၍ သိရှိလာစေရန် သုံးသပ်ဆွေးနွေးခြင်း |
| ၅ | ကျား/မရေးရာ ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | ရွာသူရွာသားများ | | | | ရွာတွင်းရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ အသုံးချမှု၊ ပိုင်ဆိုင်မှု ထိန်းချုပ်ထားရှိမှုအခြေအနေကို သိရှိစေခြင်း |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | | ရွာသူရွာသားများ | | | | ကျေးရွာတွင်းရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်ထားမှု၊ ရွာပြင်ပရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုကို သိရှိစေခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၇ | ပင့်ကူအိမ်မှ သုံးသပ်လေ့လာခြင်း | | ရွာသူရွာသားများ | | | | အမျိုးသားများနှင့်အမျိုးသမီး တန်းတူညီမျှရေး ရှိမှု/မရှိမှုနှင့် ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၈ | ပြဿနာသစ်ပင် (မ) | | အမျိုးသမီးများ | | | | အခက်အခဲတခုအပေါ် အကြောင်းရင်း၊ အကျိုး၊ အကျိုးဆက်နှင့်တကွ ဆက်စပ်လေ့လာပြီး လိုအပ်ချက်ကိုဆန်းစစ်ဖော်ထုတ်ပြခြင်း |
| ၉ | ပြဿနာသစ်ပင် (ကျ) | | အမျိုးသားများ | | | | အခက်အခဲတခုအပေါ်ကြောင်းရင်း၊ အကျိုးဆက်နှင့်တကွ ဆက်စပ်လေ့လာပြီး လိုအပ်ချက်ကိုဆန်းစစ်ခြင်း |
| ၁၀။ | ကျေးရွာစီမံ(ချ) ဖြေရှင်းပေး အစီအစဉ် | | ကျေးရွာလူထု အမျိုးသမီးနှင့် အမျိုးသားအုပ်စု | | | | အကျိုးမြင် ဦးစားပေးအကျိုးခံစားနိုင်၊ အဓိကလိုအပ်ချက်များ၊ အပေါ်မူတည်၍ စီမံကိန်းရေးဆွဲခြင်း |

မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)


၁၁။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



## ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ

ဝဲကြီးကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း(၆)ရွာပါဝင်သည်။၎င်းတို့မှာ

(၁) ဝဲကြီး(ကရင်)

(၂) ဝဲကြီး(ဗမာ)


(၃) မြင်သာယာ


(၄) မိုးဘောင်းစု

(၅) တိုင်ပင်

(၆) သစ်ချဆိပ် တို့ဖြစ်ပါသည်။

ဝဲကြီး (ကရင်) ကျေးရွာ အရင်းအမြစ်ပြမြေပုံ



ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ဝဲကြီးကျေးရွာအုပ်စု၊
ဝဲကြီး(ကရင်)ကျေးရွာ၏အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဝဲကြီး(ကရင်)ကျေးရွာသည်ကျောက်ကြီးမြို့နယ်၏အနောက်မြောက်ဘက်(၁၆)မိုင်ခန့်တွင်တည်ရှိပါသည်။ဝဲကြီး(ကရင်)ကျေးရွာသည်လွန်ခဲ့သောနှစ်ပေါင်း(၁၀၀) ခန့်က ကရင်လူမျိုးများတည်ထောင်ခဲ့ခြင်းဖြစ်သည်။ဝဲကြီးကျေးရွာသည် စစ်တောင်းမြစ်ကမ်းနဖူးပေါ်တွင်တည်ရှိသည်။မြစ်ထဲတွင်အလွန်မတန်မှကြီးမားသောစုပ်ဝဲကြီးနှစ်ရှိပါသည်။ထိုစုပ်ဝဲကြီးနှစ်ခုကိုအစွဲပြု၍ဝဲကြီးရွာဟုခေါ်ရခြင်းဖြစ်သည်။

၁၉၉၄ခုနှစ်တွင်ဝဲကြီးကျေးရာသည်ခေတ်အခြေအနေမကောင်းသောကြောင့်ငထွေစုပ်ကျေးရွာများနှင့်မိဿလင်ကျေးရွာများသို့ပြောင်းရွှေ့နေထိုင်ခဲ့ရခြင်းဖြစ်ပါသည်။၁၉၉၇ခုနှစ်တွင်ဗိုလ်ငချမ်းဘူး၏ခွင့်ပြုချက်ဖြင့်မိမိတို့အိမ်၊ခြံမြေနေရာများသို့ပြန်လည်နေထိုင်ခွင့်ရကြောင်းသိရပါသည်။ကချင်(တပ်ဦး)ပထမဆုံးတပ်ဖြစ်သောဗိုလ်ဟဲရားကလည်းရွာတွင်းလမ်းနှင့်ပတ်လည်လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့သည်။

ဝဲကြီး(ကရင်)ကျေးရွာသည်ပင်မရွာကြီးဖြစ်သည်။နောက်ပိုင်းတွင်ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှဝဲကြီးရွာတွင်းသို့ဗမာ၊ကုလားများဝင်ရောက်လာသည်။ထို့ကြောင့်ဝဲကြီးရွာတွင်ဝဲကြီး(ကရင်)ကျေးရွာနှင့် ဝဲကြီး(ဗမာ)ကျေးရွာဟူ၍ခွဲထွက်လာသည်။

ဝဲကြီး(ကရင်)ကျေးရွာတွင် အိမ်ခြေစုစုပေါင်း(၁၆၀)အိမ်ရှိပါသည်။ လူဦးရေ (၈၈၇) ဦးရှိပြီး အမျိုးသား (၃၉၇) ဦးနှင့် အမျိုးသမီး (၄၉၀) ဦး ရှိပါသည်။ ဝဲကြီးကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီးကရင်ဗမာရောအိမ်များလည်းရှိပါသည်။ဝဲကြီးကရင်ကျေးရွာတွင်ခရစ်ယာန်ဘာသာနှင့်ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ဝဲကြီး(ကရင်)ကျေးရွာတွင်မူလတန်းလွန်ကျောင်းတစ်ကျောင်းနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှစ်ကျောင်းလည်း ရှိပါသည်။

## ပညာရေး

ဝဲကြီး(ကရင်)ကျေးရွာသည် မူလတန်းကျောင်း တစ်ကျောင်းရှိပြီး သာသနာမူကြိုကျောင်းနှစ်ကျောင်းလည်းရှိပါသည်။ကျောင်းသားဦးရေမှာတစ်နှစ်ထက်တစ်နှစ်များပြားလာသောကြောင့်စာသင်ဆောင်မလုံ

လောက်ခြင်းနှင့်စာသင်ဆောင်ယို့ယွင်းခြင်းတို့ကြောင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲဖြစ်ပြီးလုံခြုံမှုများမရှိပေ။ထို့ကြောင့်ကျောင်းဆောင်ကိုပြုပြင်ရန်လိုအပ်ကြောင်း သိရပါသည်။စာကြည့်တိုက်မရှိသောကြောင့်ဗဟုသုတနည်းပါးကြသည်။

လမ်းပန်းဆက်သွယ်ရေး

ဝဲကြီးကျေးရွာ၏ရွာတွင်းလမ်းမှာမြေသားနှင့်ကွန်ကရစ်ခင်းထားသော်လည်းမိုးရာသီတွင်ရွှံ့ ဗွက်များ၊ချိုင့်ခွက်များရှိခြင်းတို့ကြောင့်ကလေးများ ကျောင်းသွားရာတွင်ခက်ခဲခြင်း၊ သက်ကြီးရွယ်အိုများသွားလာရာတွင်ခက်ခဲခြင်း၊ရွာသူရွာသားများသွားလာရာတွင်ခက်ခဲနေပြ ခင်းနှင့်ကျန်းမာရေးအရေးပေါ်ဖြစ်လာပါကသွားလာရာနှောင့်နှေးခြင်းများဖြစ်နေပါသည်။ထို ့ကြောင့်ရွာတွင်းလမ်းကို ပြင်ဆင်ရန် လိုအပ်ကြောင်းလည်း သိရပါသည်။

ကျန်းမာရေး

ဝဲကြီးကျေးရွာတွင်ဆေးပေးခန်းမရှိသဖြင့်ကျန်းမာရေးအခက်အခဲဖြစ်လာပါက ကျောက်ကြီးမြို့တွင်သွားရောက်ကုသရပါသည်။ဆေးပေးခန်းမရှိသဖြင့်ကျန်းမာရေးအရေး ပေါ်အခြေအနေတွင်အချိန်မှီကုသနိုင်ရန်အခက်အခဲရှိပါသည်။

စီးပွါးရေး

ဝဲကြီး(ကရင်)ကျေးရွာသည်လယ်၊ကိုင်းအလုပ်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြ ပါသည်။ဝဲကြီး(ကရင်)ကျေးရွာတွင်မိုးရာသီတွင်လယ်လုပ်ငန်းများလုပ်ကိုင်ကြပြီးဆောင်းရာ သီတွင်ကိုင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။လယ်ယာမြေမရှိသူများသည်စပါးစိုက်ခြင်း၊ပဲစို က်ခြင်း၊ငါးရှာခြင်းစသောကျဘမ်းအလုပ်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။မိုး တွင်းအခါရေကြီးရေလျှံမှုများကြောင့်ပျက်စီးဆုံးရှုံးမှုများရှိကြောင်းတွေ့ရပါသည်၊အလုပ်ကိုင် အခွင့်လမ်းနည်းပါးခြင်းကြောင့်စားဝတ်နေရေးခက်ခဲကြောင်းလည်း တွေ့ရပါသည်။

သောက်သုံးရေ

ဝဲကြီးကျေးရွာတွင် လက်နှိပ်တုံကင်ကို အသုံးပြုကြရပါသည်။ အဆင့်မှီသော ရေအမျိုးအစား မဟုတ်သော်လည်း တတ်နိုင်သည့် ငွေပမာဏ ရနိုင်သော အနေအထားအရ ကျေးနပ်စွာ အသုံးပြုလျှက် ရှိပါသည်။ သို့အတွက် ရေရှားပါးမှု မရှိပါ။

# ပြဿနာအနှစ်ချုပ်

ဝဲကြီးကျေးရွာ၏ပြဿနာအနှစ်ချုပ်မှာရွာချင်းလမ်းမကောင်းသည့်အတွက်ပညာရေး၊ကျန်းမာရေး၊စီးပွါးရေးတို့တွင်အခက်အခဲရှိပါသည်။အလုပ်အကိုင်ရှားပါးမှုကြောင့်စားဝတ်နေရေးခက်ခဲကြပါသည်။စာသင်ဆောင်မလုံလောက်မှုကြောင့်ကလေးများပညာရေးအခက်အခဲဖြစ်နေပါသည်။

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်) ကျေးရွာ၏ ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းမှာလယ်၊ကိုင်းနှင့်ကျဘမ်းလုပ်ငန်းများဖြစ်၍ရာသီအလိုက်သင့်လျော်သလိုလုပ်ကိုင်စားသောက်ကြရသည်။တန်ခူးလတွင်နေပူ၍ပွဲတော်အဖြစ်သင်္ကြန်ပွဲတစ်ခုသာရှိပါသည်။လယ်လုပ်ငန်းဝင်ရန်အတွက်ပြင်ဆင်နေသောအချိန်ကာလလည်းဖြစ်သည်။ကဆုန်လတွင်ပွဲတော်အဖြစ်ညောင်ရေသွန်းပွဲတော်ကိုကျင်းပသည်။

နယုန်၊ဝါဆို၊ဝါခေါင်လများတွင်မိုးဖြိုင်ဖြိုင်ရွာသွန်းပြီဖြစ်၍လယ်ယာလုပ်ငန်းများကိုအားသွန်ခွန်စိုက်အလုပ်အယုက်စိုက်ပျိုးနေသောအချိန်ကာလလည်းဖြစ်သည်။တစ်ဖက်တွင်ရေလုပ်ငန်းလုပ်ကိုင်ကြသူများမှာကွန်ပစ်ခြင်း၊ပိုက်ချခြင်းများကိုလုပ်ကိုင်ကြသည်။ထိုအချိန်ကာလသည်သွေးလွန်တုပ်ကွေးဝမ်းပျက်ဝမ်းလျှောများဖြစ်ပွားသောအချိန်ကာလဖြစ်သည်။ကျေးရွာတွင်မည်သည့်ပွဲမှမရှိပါ။

တော်သလင်းလတွင်ရေများသည် ကမ်းလုံးပြည့်လျှံ၍ရေကြီးသောအချိန်ကာလလည်းဖြစ်သည်။သီတင်းကျွတ်လတွင်မိုးအနည်းငယ်သာရွာသွန်းသည်။ကဆုန်၊နယုန်လကစိုက်ပျိုးခဲ့သောစပါးများကိုရိတ်သိမ်းသောအချိန်ကာလလည်းဖြစ်သည်။သီတင်းကျွတ်လတွင်ပွဲတော်အဖြစ်မီးထွန်းပွဲတော်တစ်ခုသာရှိပါသည်။တစ်ဖက်တွင်လည်းကိုင်းလုပ်ငန်းများလုပ်ကိုင်ရန်ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြသည်။

တန်ဆောင်မုန်းလတွင်မိုးလေကင်းလွတ်ပြီဖြစ်သည်။ကိုင်းလုပ်ငန်းဖြစ်သောပဲစိုက်ခြင်းလုပ်ငန်းကိုလုပ်ကိုင်နေကြသည်။ပြာသို၊တပို့လများတွင်အစောစိုက်စပါးများကိုရိတ်သိမ်းနေကြသည်။ဝင်ငွေများစွာရှိသောအချိန်လည်းဖြစ်သည်။

# ပြဿနာအနှစ်ချုပ်

အလုပ်အကိုင်ပုံမှန်မရှိသောကြောင့်တစ်နှစ်တာဝင်ငွေလုံလောက်မှုမရှိပါ။လူမှုရေး၊ကျန်းမာရေး၊စားသောက်ရေးအခက်အခဲများရှိသည်။ဝင်ငွေနည်းပါးခြင်းတို့ကြောင့်အမျိုးသမီးများ၏အိမ်တွင်းမှုစီမံခန့်ခွဲရာတွင်အခက်အခဲများရှိသည်။

ဦးဆောင်ဆွေးနွေးသူ-ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ဂဲကြီးကျေးရွာအုပ်စု၊ဝဲကြီး(ကရင်)ကျေးရွာမနေအင်အားအဆင့်ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

ဝဲကြီးကျေးရွာတွင်ချမ်းသာအုပ်စု၊အလယ်အလတ်အုပ်စု၊နွမ်းပါးအုပ်စုနှင့်အနွမ်းပါးဆုံးအုပ်စုဟူ၍အုပ်စု(၄)မျိုးရှိပါသည်။လယ်ကေ(၃၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊စပါးချွေစက်၊စပါးရိတ်စက်၊တိုက်ခံအိမ်(၂)ထပ်တို့ကိုပိုင်ဆိုင်ထားကြပြီးငွေပိုငွေလျှံရှိသူများကိုချမ်းသာသောအဆင့်အိမ်ထောင်စုများအဖြစ်သတ်မှတ်သည်။တစ်ရွာလုံးတွင်အိမ်ထောင်စုပေါင်း(၅)ရှိသဖြင့်ရာခိုင်နှုန်းအားဖြင့်(၃)ဖြစ်ပါသည်။

လယ်ကေ(၃၀)၊နွား၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ်၊ခြံကြွေးမြီးမတင်သောသူများကိုအလယ်အလက်မိသားစုဝင်အဖြစ်သတ်မှတ်သည်။တစ်ရွာလုံးတွင်အိမ်ထောင်စုပေါင်း(၆၅)ရှိသဖြင့်ရာခိုင်နှုန်းအားဖြင့်(၄၁)ဖြစ်ပါသည်။

အိမ်၊ခြံ၊သက်ငယ်မိုး၊ထရံကာ၊စက်ဘီးရှိပြီးကိုယ်ပိုင်လုပ်ငန်းမရှိကျဘမ်းလုပ်ကိုင်စားသောက်ရသော်လည်းမိသားစုများသောကြောင့်လောက်ငရုံသာဖြစ်သည်။တစ်ရွာလုံးတွင်အိမ်ထောင်စုပေါင်း(၅၅)ရှိသဖြင့်ရာခိုင်နှုန်းအားဖြင့်(၃၄)ဖြစ်ပါသည်။

ဝါး၊တဲအိမ်သက်ငယ်မိုးသက်ကယ်ကာအိမ်နှင့်နေထိုင်ရပြီးကိုယ်ပိုင်ခြံမရှိတစ်နေ့လုပ်တစ်နေ့စားကျဘမ်းလုပ်ကိုင်စားသောက်ရပြီးကြွေးမြီးတင်သောမိသားစုများကိုနွမ်းပါးသောမိသားစုဝင်များအဖြစ်သတ်မှတ်သည်။တစ်ရွာလုံးတွင်အိမ်ထောင်စုပေါင်း(၃၅)ရှိသဖြင့်ရာခိုင်နှုန်းအားဖြင့်(၂၂)ဖြစ်ပါသည်။

## ပြဿနာအနှစ်ချုပ်

ဝဲကြီး(ကရင်)ကျေးရွာတွင်ကိုယ်ပိုင်လုပ်ငန်းမရှိသူများနှင့်လယ်မြေပိုင်ဆိုင်မှုနည်းသူများမှာ ဆင်းရဲကြသည်။မိုးတွင်းအခါရေကြီးသောကြောင့်စပါးစိုက်ပျိုးရာတွင်ဆုံးရှုံးမှုများပြားသည်ကိုတွေ့ရသည်။ဝင်ငွေထွက်ငွေမမျှတမှုကြောင့်ကြွေးမြီးများတင်ကြရသည်။

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ် ခင်မြတ်လေးခိုင်
ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ရာသီခွင်ပြက္ခဒိန်

ကျေးရွာ - ဝဲကြီး(ကရင်)    အုပ်စု - ဝဲကြီး    ရက်စွဲ - ၅.၃.၂၀၁၇

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်၊ ကောက်စိုက် | | | ★ | ★★★ | ★★ | | ★★ | ★★★ | ★★★ | ★★★ | | |
| ကိုင်းပဲရိတ် | | | | | | | ▲ | ▲▲ | ▲▲▲ | ▲▲▲ | | |
| အင်း | ♥♥♥ | | ♥ | ♥♥ | ♥♥ | ♥♥ | | | | | ♥ | ♥♥ |
| ဝင်ငွေကောင်းချိန် | ↷ | | | ↷ | ↷ | | ↷ | ↷ | ↷ | ↷ | ↷ | |
| ပွဲတော်ချိန် | ☺☺ | ☺☺ | | | | ☺☺ | ☺☺ | | | ☺ | | |
| ကျုဘမ်း | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ |

# ဝဲကြီးကျေးရွာအုပ်စု ၊ ဝဲကြီး (ကရင်) ရွာ

## ရာသီခွင်ပြ ပြက္ခဒိန်

ဝဲကြီး (ကရင်) ရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ရာသီအလိုက် သင့်တော်သလိုလုပ်ကိုင်စားသောက်ကြသည်။

တန်ခူးလသည် အလွန်ပူသောလဖြစ်သည်။ ပွဲတော်မှာ သင်္ကြန်ပွဲတော် တစ်ခုသာရှိသည်။ လယ်ယာစိုက်ပျိုးရေး အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။

ကဆုန်လတွင် မိုးအနည်းငယ်ရွာသွန်းစပြုလာသည်။ လယ်လုပ်ငန်းကိုစတင်ဝင်ရောက်လုပ်ကိုင်ကြသည်။ ကဆုန်တွင် ညောင်ရေသွန်းပွဲတော် တစ်ခုသာရှိပါသည်။

နယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင် မိုးအလွန်ရွာသွန်းသောကြောင့် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းများကို အလုအယက် လုပ်ကိုင်နေကြရပါသည်။ မြစ်ရေများကလည်း ကမ်းလျံ၍ လယ်တစ်ကွင်းလုံးမြုပ်နစ်ကာ ရေကြီးရေလျှံနေသည်။

တော်သလင်းလတွင် ကိုင်းလုပ်ငန်းကိုပင် စတင်လုပ်ကိုင်နေကြပြီး တစ်ဖက်တွင်လည်း ပေါ်ဦးရိတ်သိမ်းချိန်ဖြစ်သဖြင့် ကောက်ရိတ်သိမ်းခြင်းလုပ်ငန်းများကိုပင် စတင်လုပ်ကိုင်နေကြသည်။

သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ကိုကျင်းပကြသည်။ တစ်ဖက်တွင်လည်း ပဲမျိုးစုံကိုစိုက်ပျိုးကြသည်။ နတ်တော်၊ ပြာသိုနှင့် တပို့တွဲလများတွင် ပဲမျိုးစုံကို စတင်ရိတ်သိမ်းကြသည်။ ကျွန်းလုပ်ကိုင်သူများအတွက် ငွေပိုသုံးများရှိလာကြသည်။

## ပြဿနာ အနှစ်ချုပ်

ဝဲကြီး (ကရင်) ကျေးရွာတွင် အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် တစ်နှစ်တာဝင်ငွေမှာ တစ်နှစ်တာလုံလောက်မှုမရှိကြောင်းတွေ့ရသည်။ လုံလောက်မှုမရှိသောကြောင့် ကြိုတင်ငွေ (အလေး) များ ယူထားနှင့်ကာ လုပ်ကိုင်စားသောက်ရသည်။ ဝင်ငွေနည်းပါးမှုကြောင့် အမျိုးသမီးများ စီမံခန့်ခွဲရာတွင် အခက်အခဲများရှိသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဆိုဖြိုးဝင်းဆိုင်၊ ဦးအွန်းအွန်း

ပါဝင်ဆွေးနွေးသူ - ရွာသူ/သားများ (ကျား - ၁၄ - ၁ ဦး

ဓနအင်အားသက်မှတ်ခြင်း

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

| အမျိုးအစား | သက်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ကေ(၃၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊စပါးခြွေစက်၊စပါးရိတ်စက်၊တိုက်ခံအိမ်(၂)ထပ်တို့ကိုပိုင်ဆိုင်ထားကြပြီးငွေပိုငွေလျှံရှိသူ | ၅ | ၃ |
| အလယ်အလက် | လယ်ကေ(၃၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၆၅ | ၄၁ |
| နွမ်းပါး | အိမ်ခြံ၊သက်ငယ်မိုး၊ထရံကာ၊စက်ဘီး၊ | ၅၅ | ၃၄ |
| အနွမ်းပါးဆုံး | ဝါး၊တဲအိမ်သက်ငယ်မိုးသက်ကယ်ကာအိမ် | ၃၅ | ၂၂ |
| စုစုပေါင်း | | ၁၆၀ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဝဲကြီး(ကရင်) ကျေးရွာ အရင်းအမြစ် အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်း သုံးသပ်ချက်**

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်) ကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ အပ်ချုပ်စက်၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ လယ်ထွန်စက် (အသေး)၊ TV၊ တို့ရှိပါသည်။ ထိုအရင်းအမြစ်နှင့်ပါတ်သတ်၍ အိမ်၊ ၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ ဂက်၊ အပ်ချုပ်စက်များကို အမျိုးသမီးများက အသုံးပြုကြပြီး လယ်၊ လှည်း၊ ကျွဲ/နွားနှင့် လယ်ထွန်စက် (အသေး) ကို အမျိုးသားများက အသုံးပြုကြပါသည်။


ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့သည် အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ လယ်ထွန်စက် (အသေး) ကို အတူတကွ ထိန်းချုပ်ကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်ချုပ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ဖွဲ့စည်းချိတ်ဆက်မှု

ကျေးရွာ - ဝဲကြီး(ကရင်)   အုပ်စု - ဝဲကြီး   ရက်စွဲ -၅.၃.၂၀၁၇




ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ဖွဲ့စည်းချိတ်ဆက်မှုသုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇
အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာတွင်အဖွဲ့အစည်းများစွာရှိပါသည်။ထိုအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးမှူး၊သာသနာရေးအဖွဲ့၊ကြက်ခြေနီ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ရာအိမ်မှူး၊အမျိုးသမီးရေးရာ၊ဂေါပက၊CDDအဖွဲ့၊တို့ဖြစ်ပါသည်။အဖွဲ့အစည်းများအားလုံးကိုကျေးရွာအတွက်အဓိကကျသောအဖွဲ့အစည်းများအဖြစ်သက်မှတ်သည်။

မြို့နယ်ကျန်းမာရေး၊မြို့နယ်CDD၊မြို့နယ်ရဲစခန်း၊KNUတို့သည်ကျေးရွာပြင်ပတွင်ရှိသောအဖွဲ့အစည်းများဖြစ်ကြသည်။

ရွာတွင်းအဖွဲ့အစည်းများနှင့်ပြင်ပအဖွဲ့အစည်းများသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုများစွာရှိကြောင်းသိရှိရပါသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့ပဋိပက္ခဖြစ်ပွားမှုမရှိကြောင်းသိရှိရပါသည်။

**ပြဿနာအနှစ်ချုပ်**

**အဖွဲ့အစည်းအသီးသီးနှင့်ပက်သက်မှုရှိသော်လည်းဗဟုသုတနည်းပါးသောကြောင့်ချိတ်ဆက်မှုအားနည်းသည်ကိုတွေ့ရသည်။**

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်
ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ကျား+မရေးရာအရင်းအမြစ်ထိန်းချုပ်မှု

ကျေးရွာ - ဝဲကြီး(ကရင်)   အုပ်စု - ဝဲကြီး   ရက်စွဲ -၅.၃.၂၀၁၇

| အရင်းအမြစ်ပိုင်ဆိုင်မှု | ကျား | မ | ကျား+မ |
|---|---|---|---|
| လယ်၊ကိုင်း၊ | ငွန်ဒေါင်း၊ဆန်စက် | အပ်ချုပ်စက် | လယ်၊ကိုင်းလယ် |
| ကျွဲ၊နွား၊လှည်း | စပါးခြွေစက် | ကြက်၊ဝက် | အိမ်၊ခြံ |
| ကြက်၊ဝက် | ကျွဲ၊နွား၊လှည်း | | ဆိုင်ကယ် |
| အိမ်၊ခြံ | | | စက်ဘီး |
| ငွန်ဒေါင်း၊ဆန်စက် | | | |
| အပ်ချုပ်စက် | | | |
| ဆိုင်ကယ်၊စက်ဘီး | | | |
| | | | |


ကျား+မရေးရာအရင်းအမြစ်အသုံးပြုမှု

ကျေးရွာ - ဝဲကြီး(ကရင်)   အုပ်စု - ဝဲကြီး  ရက်စွဲ -၅.၃.၂၀၁၇

| အရင်းအမြစ်ပိုင်ဆိုင်မှု | ကျား | မ | ကျား+မ |
|---|---|---|---|
| လယ်၊ကိုင်း၊ | ငွန်ဒေါင်း | အပ်ချုပ်စက် | လယ်၊ကိုင်းလယ် |
| ကျွဲ၊နွား၊လှည်း | | | ကျွဲ၊နွား၊လှည်း |
| ကြက်၊ဝက် | | | ကား၊ဆိုင်ကယ် |
| အိမ်၊ခြံ | | | စက်ဘီး |
| ငွန်ဒေါင်း၊ဆန်စက် | | | အိမ်၊ခြံ |
| အပ်ချုပ်စက် | | | ဆန်စက် |
| ကား၊ဆိုင်ကယ်၊စက်ဘီး | | | ကြက်၊ဝက် |
| | | | အိမ်၊ခြံ |

## ပင့်ကူအိမ်ပုံ

ကျေးရွာ - ဝဲကြီး(ကရင်)　　　　အုပ်စု - ဝဲကြီး　　　　ရက်စွဲ -၅.၃.၂၀၁၇



ပင့်ကူအိမ်ပုံသုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်)                                                   ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု  - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာတွင်ဘာသာရေးနှင့်ရပ်ရေးရွာရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်အမျိုး
သားများနှင့်အမျိုးသမီးများသည်သက်ဆိုင်ရာကဏ္ဍအလိုက်ဦးဆောင်၍လုပ်ကိုင်ဆောင်ရွ
က်ကြသည်။လုပ်ရသောလုပ်ငန်းများမှာတူညီမှုမရှိပေ။မျိုးသားများနှင့်အမျိုးသမီးခွဲခြားမှုမရှိ
ပေ။

အမျိုးသားများသည်စီးပွားရေးလုပ်ငန်းကိုဦးစီးလုပ်ကိုင်နေရသောကြောင့်ဝင်ငွေများစွာရရှိပြီ
းအိမ်မှုကိစ္စများကိုဆောင်ရွက်လုပ်ကိုင်နိုင်မှုအားနည်းသည်။အမျိုးသမီးများသည်အိမ်မှုကိစ္စ
များကိုဆောင်ရွက်လုပ်ကိုင်နေရသောကြောင့်အပြင်စီးပွားရေးကိုထွက်မလုပ်နိုင်သဖြင့်အမျို
းသားများဝင်ငွေများစွာရရှိအောင်မစွမ်းဆောင်နိုင်ပေ။အမျိုးသမီးများသည်ရာသီအလိုက်ပေ
ါ်ပေါက်လာသောလုပ်ငန်းများကိုသာလုပ်ကိုင်နေရပါသည်။အမျိုးသမီးများသည်အချိန်မေ
တ်သွားလာရခြင်း၊အင်အားကိုအဆမတန်အသုံးပြုရခြင်းတို့ကြောင့်အလုပ်လုပ်ကိုင်မှုနည်း
ပါးလာသည်။

ပညာရေးနှင့်ပက်သက်၍တန်းတူပညာသင်ကြားခွင့်ရှိသည်။ဆုံးဖြတ်ချက်ချရာတွင်အမျိုးသ
ားများသည်အမျိုးသမီးများထက်ဖြတ်ထိုးဉာဏ်ကောင်းသောကြောင့်ဆုံးဖြတ်ချက်ချမှု၊ဦးဆေ
ာင်နိုင်မှုများပြားသည်။လုပ်အားခရရှိမှုမှာလည်းတူညီသည်။

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်


ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ပြဿနာသစ်ပင်

ကျေးရွာ - ဝဲကြီး (ကရင်)

ရက်စွဲ ၅.၃.၁၇

ကျေးရွာအုပ်စု - ဝဲကြီး



ပြဿနာသစ်ပင်သုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်)　　　　　　　　ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာ၏အဓိကရင်ဆိုင်နေရသောပြဿနာမှာစာသင်ကျောင်းဆောင်မလုံခြင်းဖြစ်သည်။စာသင်ကျောင်းဆောင်မလုံလောက်ရခြင်းမှာအကြောင်းရင်းများစွာရှိသည်။အကြောင်းရင်းတစ်ရပ်မှာကျောင်းသားဦးရေများခြင်းမူလွန်ကျောင်းအဖြစ်သက်မှတ်သောကြောင့်ကျောင်းဆောင်မလုံလောင်ခြင်းတို့ဖြစ်ပါသည်။

ကျောင်းသား/သူများကျောင်းမတက်ရောက်နိုင်သောကြောင့်ဗဟုသုတမရှိခြင်း၊စည်းလုံးမှုအားနည်းခြင်းတို့ကြောင့်ချိတ်ဆက်မှုအားနည်းခြင်းဖြစ်ပေါ်လာသည်။ချိတ်ဆက်မှုအားနည်းခြင်းတို့ကြောင့်အထောက်အပံ့အားနည်းလာပြီးမပြုပြင်နိုင်တော့ချေ။ပညာရေးကိုဆုံးခန်းတိုင်မသင်ကြားနိုင်သောကြောင့်အသိကညာအားနည်းမှုများဖြစ်ပေါ်လာသည်။

တဖန်တစ်ကျောင်းရဲ့ပုံငွေမလုံလောက်သောကြောင့်ကျောင်းကိုပြန်လည်ပြုပြင်နိုင်စွမ်းမရှိတော့ချေ။ကျေးရွာရဲ့ပုံငွေများလည်းမရှိသောကြောင့်ကျောင်းဆောင်သစ်ဆောက်ပေးနိုင်စွမ်းမရှိပါ။ဆရာ/မများမှာလည်းကျောင်းမလာချင်သောစိတ်များဖြစ်ပေါ်လာကြသည်။

ကျောင်းသားမိဘများမှာလည်းနွမ်းပါးသောကြောင့်အလှူငွေများထည့်နိုင်မှုအားနည်းသည်။

ကျောင်းသည်လေဒဏ်၊မိုးဒဏ်ခံနေရသောအပျက်အစီးများမကြာခဏဖြစ်ပေါ်ရသည်။ထိုသို့ဖြစ်ပေါ်ရခြင်းကြောင့်ကလေးများကျန်းမာရေးထိခိုက်ကာကျောင်းတက်ရောက်နိုင်စွမ်းမရှိတော့ချေ။ကျောင်းတက်ရောက်နိုင်စွမ်းမရှိသောကြောင့်ပညာရေးအားနည်းခြင်း၊ဗဟုသုတအားနည်းခြင်းတို့ကြောင့်ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်းများဖြစ်ပေါ်နေရပါသည်။

အနှစ်ချုပ်ပြဿနာ

ဝဲကြီး(ကရင်)ကျေးရွာတွင်အိမ်ခြေပေါင်း(၁၆၇)အိမ်ရှိရာစီးပွားရေးမပြေလည်သည့် မိသားစုဝင်ပိုများသည်။ကျပန်းလုပ်ကိုင်သူနှင့်လယ်သမားများသည်စိုက်ပျိုးရေးအဆင်မပြေကြသောကြောင့်စာသင်ကျောင်းကောင်းမွန်အောင်ကိုယ်ထူကိုယ်ထလုပ်ကိုင်ဖို့ရာမလွယ်ကူနိုင်ပေ။

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ကျေးရွာအခက်အခဲ

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

| အမျိုးသားအခက်အခဲ | အမျိုးသမီးအခက်အခဲ |
|---|---|
| ကျေးရွာချင်းဆက်လမ်းမကောင်းသောကြောင့်စီးပွားရေးနောင့်နေးခြင်း။ | ဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးအသိနောင့်နေးခြင်း။ |
| သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း။ | ကျေးရွာချင်းဆက်လမ်းမကောင်းသောကြောင့်အရေးပေါ် ကျန်းမာရေးအခြေအနေတွင်အသက်ဆုံးရှုံးရခြင်း။ |
| စာသင်ကျောင်းဆောင်လုံလောက်မှုမရှိသောကြောင့်ကလေးများပညာသင်ကြားရာတွင်ခက်ခဲခြင်း။ | မိုတွင်းအခါပညာသင်ကြားရာတွင်ကျောင်းဆောင်မလုံလောက်သောကြောင့်ကလေးများစာသင်ရာတွင်ခက်ခဲခြင်း။ |
| သောက်သုံးရေသန့်ရှင်းမှုမရှိသောကြောင့်တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း။ | သန့်ရှင်းသောသောက်သုံးရေမရှိသောကြောင့်ဝမ်းရောဂါများရရှိခြင်း။ |
| ကျောင်းခြံစည်းရိုမရှိသောကြောင့်ကလေးများပညာသင်ကြားရာတွင်လုံခြုံမှုမရှိခြင်း။ | စာကြည့်တိုက်ရှိသောကြောင့်ကျေးရွာဗဟုသုတနည်းပါးခြင်း။ |

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# (၅)နှစ်အတွက်မျှော်မှန်းချက်

ကျေးရွာ-ဝဲကြီး(ကရင်)　　　　　　　　　　　　　　ရက်စွဲ - ၅.၃.၂၀၁၇

အုပ်စု - ဝဲကြီး

| အမျိုးသားမျှော်မှန်းချက် | အမျိုးသမီးမျှော်မှန်းချက် |
|---|---|
| လမ်းကောင်းလျှင်စီးပွားရေးတိုးတက်မည်။ | ကျေးရွာလမ်းများကောင်းမွန်စေချင်ပါသည်။ |
| ရေသန့်ရရှိလျှင်မိသားစုပျော်ရွှင်မည်။ | သန့်ရှင်းလုံလောက်သောသောက်သုံးရေရရှိလျှင်မိသားစုပျော်ရွှင်မည်။ |
| ဆေးပေးခန်းရှိလျှင်ကျေးရွာလူထုကျန်းမာရေးအတွက်စိတ်ချရမည်။ | စာသင်ကျောင်းဆောင်လုံလောက်စေချင်ပါသည်။ |
| ကျောင်းခြံစည်းရှိလျှင်ကလေးများလုံခြုံမှုရရှိမည်။ | ဆေးပေးခန်းရှိလျှင်ကျေးရွာလူထုကျန်းမာရေးအတွက်စိတ်ချရမည်။ |
| စာသင်ကျောင်းဆောင်လုံလောက်စေချင်ပါသည်။ | စာကြည့်တိုက်ရှိလျှင်ကျေးရွာလူထုဗဟုသုတတိုးပွားမည်။ |

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ကျေးရွာဦးစားပေးလုပ်ငန်းများ

ကျေးရွာ-ဝဲကြီး(ကရင်)　　　　　　　　　　　　ရက်စွဲ - ၅.၃.၂၀၁၇
အုပ်စု - ဝဲကြီး

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | ဦးစားပေး အဆင့် | အကျိုးခံစားခွင့်ရှိသူ |
|---|---|---|---|---|
| ၁။ | ရွာချင်းဆက်လမ်း | ကျား+မ | ၁ | ၈၈၇ |
| ၂။ | ဆေးပေးခန်း | ကျား+မ | ၂ | ၈၈၇ |
| ၃။ | စက်ရေတွင်း+ရေလှောင်ကန် | ကျား+မ | ၃ | ၈၈၇ |
| ၄။ | စာသင်ကျောင်းဆောင်သစ် | ကျား+မ | ၄ | ၈၈၇ |
| ၅။ | စာသင်ကျောင်းရေသန့်ကန် | ကျား+မ | ၅ | ၈၈၇ |
| ၆။ | ကျောင်းခြံစည်းရိုး | ကျား+မ | ၆ | ၈၈၇ |
| ၇။ | စာကြည့်တိုက် | မ | ၇ | ၈၈၇ |
| ၈။ | လျှပ်စစ်မီး | မ | ၈ | ၈၈၇ |

ဦးဆောင်ဆွေးနွေးသူ- ဦးဇာနည်အောင်၊ဒေါ်ခင်မြတ်လေးနိုင်
ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ကော်မတီဝင်စာရင်း

ကျေးရွာ - ဝဲကြီး(ကရင်)　　အုပ်စု - ဝဲကြီး　　ရက်စွဲ - ၅.၃.၂၀၁၁

| အမည် | ရာထူး | မှတ်ချက် |
|---|---|---|
| စောစုစေး | စီထောက်ဥက္ကဌ | |
| နော်အက်စတာဝင်း | စီထောက်ဥက္ကဌ | |
| နော်လားဝါး | ဝယ်ယူရေးဥက္ကဌ | |
| စောစာဝါးဘူ | ဝယ်ယူရေးအဖွဲ့ဝင် | |
| စောဒေးဇစ်ချမ်း | စောင့်ကြည့်ကြည့်ကြပ်ရေး | |
| နော်စေးလာဖေါ | စောင့်ကြည့်ကြည့်ကြပ်ရေး | |
| နော်အဲကနက် | လည်ပတ်ထိန်းသိမ်းရေး | |
| စောကော်မူထူး | လည်ပတ်ထိန်းသိမ်းရေး | |
| နော်ဖေါစာ | စာရင်းကိုင် | |
| စောမောင်အုန်း | ဝေဖန်အကြံပြု | |
| နော်အယ်မေစန်း | ဝေဖန်အကြံပြု | |
| စောဒိုးကလေး | စေတနာ့ဝန်ထမ်း | |
| နော်ထီးဂယ်ဖေါ | စေတနာ့ဝန်ထမ်း | |

၂၀၁၇ခုနှစ်၊မတ်၊၅ရက်နေ့တွင်ကျောက်ကြီးမြို့နယ်၊ဝဲကြီးအုပ်စု၊ဝဲကြီး(ကရင်)ကျေးရွာစာသင်ကျောင်းတွင်ကျင်းပပြုလုပ်သောစီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့်ကော်မတီရွေးချယ်အစည်းအဝေး

စည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးဇာနည်အောင် | လက်ထောက်နည်းပညာမှူး |
| ၂။ | ဒေါ်ခင်မြတ်လေးနိုင် | လူထုစည်းရုံးရေးမှူး |
| ၃။ | ကျေးရွာလူထု | PC12 |

## ရည်ရွယ်ချက်

ကျေးရွာအတွက်အဓိကလိုအပ်သောလုပ်ငန်းများရွေးချယ်နိုင်ရန်နှင့်ကော်မတီများပြန်လည်ဖွဲ့စည်းနိုင်ရန်ရည်ရွယ်သည်။

## ဆွေးနွေးချက်

နံနက်(၉)နာရီတွင်အစည်းအဝေးကိုစတင်ခဲ့ပြီးနောက်အုပ်ချုပ်ရေးမှူးမအဖွင့်အမှာစကားပြောကြားခဲ့သည်။စီမံကိန်းဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားပြီးစီမံကိန်းရည်ရွယ်ချက်(၁၁)ချက်၊စီမံကိန်းစက်ဝန်း၊ဝေဖန်အကြံပြုတိုင်ကြားရေးနှင့်ကျားမရေးရာတို့ကိုလူထုစည်းရုံးရေးမှူးဒေါ် ခင်မြတ်လေးခိုင်မှရှင်းလင်းပြောကြားခဲ့သည်။ဆောင်ရန်၊ရှောင်ရန်၊အကျိုးဝင်သောလုပ်ငန်းနှင့်အကျိုးမဝင်သောလုပ်ငန်းအကာအကွယ်အကြောင်းကိုလက်ထောက်နည်းပညာမှူးဦးဇာနည်အောင်၏မှပြောကြားခဲ့သည်။တာဝန်ဝတ္တရားများကိုရှင်းပြပြီးနောက်စေတနာ့ဝန်ထမ်းရွေးခဲ့သည်။အဖွဲ့များခွဲကာPRAများပြုလုပ်ကြသည်။

အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့များမှအခက်အခဲမျှော်မှန်းချက်များအပေါ် မူတည်၍ဦးစားပေးလုပ်ငန်းများကိုရွေးချယ်နိုင်ခဲ့ကြသည်။ထို့နောက်ကော်မတီဝင်များကိုရွာလူထုကိုယ်တိုင်သဘောတူရွေးချယ်ခဲ့ကြသည်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးဇော်ရှီးဝါး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-250713365 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ခင်မြတ်လေးနိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝဲကြီး | ကျေးရွာ ဝဲကြီး (ကရင်) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၆၀ | ဘာသာ (၁) ခရစ်ယာန် | ၁၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ဗုဒ္ဓ | ၅၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၀ | | ၅ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၃ | | ၅၂ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ခရစ်ယာန် | ၂၇၀ | ၃၅၁ |
| လူမျိုးစု (၂) ဗုဒ္ဓ | ၁၂၇ | ၁၃၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၈ | ၄၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/**မသိပါ**

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /**မသိပါ**

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---0---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------0------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်------------0------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ရေကြီးခြင်း---------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---KDN---------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဆော်ရီဝါ

လက်မှတ် [signature] နေ့စွဲ ၂၆.၂.၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မြတ်လေးနိုင်

လက်မှတ် [signature] နေ့စွဲ ၂၆.၂.၁၇

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ခင်မြတ်လေးနိုင် | | | |
| နေ့စွဲ ၅.၃.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ဝဲကြီး | ကျေးရွာ<br>ဝဲကြီး (ကရင်) |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်း မကောင်းသောကြောင့် စီးပွားရေး နှောင့်နှေးခြင်း။ | ၁ | ရွာချင်းဆက်လမ်း မကောင်းသောကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေတွင် လူနာများ အသက်ဆုံးရှုံးရခြင်း။ |
| ၂ | ဆေးပေးခန်း မရှိသောကြောင့် အရေးပေါ်ကျန်းမာရေး အလွယ်တကူ မကုသနိုင်ခြင်း။ | ၂ | ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး အသိနှောင့်နှေးခြင်း။ |
| ၃ | စာသင်ကျောင်းဆောင် မလုံလောက်သောကြောင့် ကလေးများ ပညာသင်ကြားရာတွင် ခက်ခဲခြင်း။ | ၃ | မူလတန်း အဆင့် ပညာ သင်ကြားရာတွင် ကျောင်းဆောင် မလုံလောက်သောကြောင့် ကလေးများ အတွက် အခက်အခဲရှိ |
| ၄ | သောက်သုံးရေသန့်ရှင်းမှု မရှိသောကြောင့် အစဉ်ကိုယ် ရေသန့်ရှင်းမှု မရှိခြင်း။ | ၄ | သောက်သုံးရေ မသန့်သောကြောင့် ဝမ်းရောဂါ ဖြစ်ပွားခြင်း။ |
| ၅ | ကျောင်းခြံစည်းရိုး မရှိသောကြောင့် ကလေးများ ပညာသင်ကြားရာတွင် လုံခြုံမှုမရှိခြင်း။ | ၅ | စာကြည့်တိုက် မရှိသောကြောင့် ဗဟုသုတ နှောင့်နှေးခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်းကြီး ကောင်းမွန်လျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်။ | ၁ | ရွာချင်းဆက်လမ်းကြီး ကောင်းမွန်လာလျှင် ကျေးရွာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး တိုးတက်လာမည်။ |
| ၂ | ဆေးပေးခန်းရှိလျှင် ကျေးရွာလူထု ကျန်းမာရေးအတွက် စိတ်ချရမည်။ | ၂ | ဆေးပေးခန်းရှိလျှင် ကျေးရွာ မိသားစုများ အားလုံး စိတ်ချမ်းမြေ့ ပျော်ရွှင်နိုင်မည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လုံလောက်သော စာသင်ကျောင်း ဆောင်ရရှိချင်ပါသည်။ | ၃ | စာသင်ကျောင်း ဆောင်သစ်ရရှိလျှင် ကလေးများ ကောင်းမွန်စွာ စာသင်ကြားနိုင်မည်။ |
| ၄ | ကလေးများ အတွက် လုံခြုံမှုရှိစေရန် ကျောင်းခြံစည်းရိုး ရှိစေချင်ပါသည်။ | ၄ | သန့်ရှင်း လုံလောက်သော သောက်သုံးရေ ရရှိချင်ပါသည်။ |
| ၅ | သန့်ရှင်း လုံလောက်သော သောက်သုံးရေ ရှိစေချင်။ | ၅ | စာကြည့်တိုက်ရှိလျှင် ဗဟုသုတ တိုးပွားလာနိုင်မည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာချင်း ဆက်လမ်း | ကျ + မ | 60000000 | ၈၈၇ |
| ၂ | ဆေးပေးခန်း | ကျ + မ | 5,000,000 | ၈၈၇ |
| ၃ | စက်ရေတွင်း+ရေလှောင်ကန် | ကျ + မ | 6,000,000 | ၈၈၇ |
| ၄ | စာသင်ကျောင်းသစ် | ကျ + မ | 12,000,000 | ၈၈၇ |
| ၅ | စာသင်ကျောင်းရေသန့်ကန် | ကျ + မ | 6000000 | ၈၈၇ |
| ၆။ | ကျောင်းခြံစည်းရိုး | ကျ + မ | 7,000,000 | ၈၈၇ |
| ၇။ | စာကြည့်တိုက် | မ | 5,000,000 | ၈၈၇ |
| [illegible] | [illegible] | မ | [illegible] | ၈၈၇ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် ---------- နေ့စွဲ ၉. ၃. ၂၀၁၇

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးပါတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေးနိုင် | | | |
| နေ့စွဲ ၅.၃.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝဲကြီး | ကျေးရွာ ဝဲကြီး (ကရင်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၃.၁၇ | ၅.၃.၁၇ | ၂၂ | ၉၇ | ၁၁၉ | ကရင် | ၁၁၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၃.၁၇ | ၅.၃.၁၇ | ၂၂ | ၉၇ | ၁၁၉ | ကရင် | ၁၁၉ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၈.၃.၁၇ | ၂၈.၃.၁၇ | ၈ | ၁၃ | ၂၁ | ဗမာ<br>ကရင်<br>[illegible] | ၁၀<br>၁၀<br>၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၅.၅.၁၇ | ၂၅.၅.၁၇ | ၁၉ | ၇၆ | ၉၅ | ကရင် | ၉၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၅.၅.၁၇ | ၂၅.၅.၁၇ | ၁၉ | ၇၆ | ၉၅ | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၅.၅.၁၇ | ၂၅.၅.၁၇ | ၁၉ | ၇၆ | ၉၅ | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

ပုံစံ ၈-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခင်မြတ်လေးမိုင် | | | |
| နေ့စွဲ ၂၈.၃.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ကျိုက်မရော | ကျေးရွာအုပ်စု ဝဲကြီး | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ~~ဝဲကြီးကရင်~~ | ~~ဆေးပေးခန်း တည်ဆောက်ခြင်း~~ | ~~20'x24'x2'~~ | ~~[illegible]~~ | □ ကျား □ မ ☑ ကျား+မ | ~~[illegible]~~ | | | | |
| ဝဲကြီးကရင် | ရွာတွင်းတံတား ပြုပြင်ခြင်း | 10'x8'x7' | ၁၈၇ | □ ကျား □ မ ☑ ကျား+မ | 4500000 | | | | |
| ဝဲကြီးမြန်မာ | ရွာတွင်းလမ်း (ကျောက်+ကတ္တရာ) | 1516'x8'x1.5' 1510'x8'x9" | ၅၂၉ | □ ကျား □ မ ☑ ကျား+မ | 11000000 | | | | |
| ဝဲကြီးမြန်မာ | ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | 490'x6' | ၅၂၉ | □ ကျား □ မ ☑ ကျား+မ | 7000000 | | | | |
| မိုးကောင်း | [illegible] +[illegible] ([illegible]) | 1490'x6'x5" 1.5'ϕ pipe | ၇၀၀ | □ ကျား □ မ ☑ ကျား+မ | 12000000 | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [illegible] ရက်စွဲ 28.3.17

ပုံစံ စ-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ခင်မြတ်လေးနိုင် |
| နေ့စွဲ ၂၈.၃.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး / မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝဲကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| တိုင်ပင် | ကျောက်ခင်းလမ်း ပြုပြင်ခြင်း (ကျောက်ကြမ်း+ကပ်) | 375'×8'×2' 375×8'×9" | 757 | □ ကျား □ မ ☑ ကျား+ မ | 5,000,000 | | | | |
| သစ်ချစ်ပင် | ကျောက်ခင်းလမ်း ပြုပြင်ခြင်း (ကျောက်ကြမ်း+ကပ်) | 1670'×10'×1' 1670'×10'×9" | 1327 | □ ကျား □ မ □ ကျား+ မ | 11,000,000 | | | | |
| သစ်ချစ်ပင် | ကျောင်းဆောင် ပြုပြင်ခြင်း (နံရံ+ကြမ်းခင်း+ဆေး) | 57'×26'×13' | 1327 | □ ကျား □ မ ☑ ကျား+ မ | 7,000,000 | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး[illegible] လက်မှတ် [signature] ရက်စွဲ 28.3.2017